ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

THE REPUBLIC OF THE UNION OF MYANMAR

MYANMAR DENTAL COUNCIL

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ

MYANMAR DENTAL COUNCIL LAW

2018

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ

အမှတ် ၂၇ ။)

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

The Myanmar Dental Council Law

(The Pyidaungsu Hluttaw Law No.27, 2018)

The 8th Waxing Day of Tawthalin,1380 M.E.

(17 September, 2018)

The Pyidaungsu Hluttaw hereby enacts this Law.

Chapter 1

Title and Definitions

1. This Law shall be called the Myanmar Dental Council Law.

2. The following expressions contained in this Law shall have the meanings given below:

(a) **Dental and Oral Medicine** means the study of oral and dental care including the medical check-up, medical treatment and surgical treatment of dental, gingival, periodontal and oral diseases, prosthetic dentistry, conservative dentistry, orthodontic treatment, prevention of public dental and oral diseases, upgrading dental care and making dental and oral research:

(b) **Council** means the Myanmar Dental Council formed under this Law;

(c) **Board of Patrons** means the Board of Patrons of the Council;

(d) **Executive Committee** means the Executive Committee of the Council;

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာ**ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်၊ မေးရိုးနှင့်ခံတွင်းရောဂါများကို ရောဂါစစ်ဆေးရှာဖွေခြင်း၊ ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် သွားစိုက်ကုသခြင်း၊ သွားညှိကုသခြင်း၊ သွားအလှပြုပြင်ခြင်း၊ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါ ကြိုတင်ကာကွယ်ခြင်း၊ သွားကျန်းမာရေးမြှင့်တင်ခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ သုတေသနပြုခြင်းများ အပါအဝင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(e) **Council member** refers to any member of the Myanmar Dental Council;

(f) **Registration certificate** means the dental practitioner certificate issued by the Council under this Law;

(g) **Dental practitioner** refers to a person who has been issued the dental practitioner certificate by the Council under this Law;

(h) **Dental practitioner** licence means the general practitioner licence, special practitioner licence or limited practitioner licence issued by the Council under this Law;

(i) **General dental practitioner licence** means the dental practitioner licence issued to a Myanmar dental practitioner who has obtained a degree from any local and international University of Dental Medicine or any Medical Collage recognized by the Council, and who has served house surgeonship prescribed by the Council;

(c) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်**ဆို သည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

(ဆ) **သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်းခံရသူကိုဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေး ကုသခွင့်လိုင်စင်နှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင် တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းပြည်ပ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် သို့မဟုတ် ဆေးကောလိပ်တစ်ခုခုမှ သွား ဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးသော မြန်မာနိုင်ငံသား သွားနှင့်ခံတွင်း ဆိုင်ရာ ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

(j) **Special dental practitioner licence** means the dental practitioner licence issued to a qualified dental practitioner who has obtained the postgraduate degree or post graduate diploma recognized by the Council in accordance with stipulations;

(k) **Limited dental practitioner licence** means the dental practitioner licence issued by the Council in accordance with stipulations to a foreign dental practitioner who has obtained a dental degree recognized by the relevant Foreign Dental Council recognized by the Council;

(l) **University of Dental Medicine** means a University which confers the Degrees of the Dental and Oral Medicine;

(m) **Recognition certificate** means a certificate issued by the Council in accordance with the stipulations to a person who is dental nurse, an oral hygienist, a prosthetist or a dental assistant;

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိထားသော နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်** ဆိုသည်မှာ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်သည့် တက္ကသိုလ်ကို ဆိုသည်။

(ဍ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ သို့မဟုတ် သွားဘက်ဆိုင်ရာ အထောက်အကူပြုသူဖြစ်ကြောင်း အသိအမှတ်ပြု ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(n) **Dental nurse** refers to a person who has been issued a certificate as a dental nurse by the Council under this Law;

(o) **Oral hygienist** refers to a person who has been issued a certificate as a an oral hygienist by the Council under this Law;

(p) **Dental and Oral Medicine College** means a College which may confer the Degrees of the Dental and Oral Medicine;

(q) **Prosthetist** refers to a person who has been issued a certificate as a prosthetics by the Council under this Law;

(r) **Dental assistant** refers to a person who has been issued a certificate as a dental assistant by the Council under this Law.

Chapter II

Objectives

3. The objectives of this Law are as follows:

(a) to enable the public to enjoy qualified and effective dental and oral health care services;

(ဃ) **သွားဘက်ဆိုင်ရာသူနာပြု** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာသူနာပြုအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(င) **သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်သူ (Oral Hygienist)** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **သွားဘက်ဆိုင်ရာဆေးကောလိပ်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်နိုင်သည့် ကောလိပ်ကို ဆိုသည်။

(ဆ) **သွားတုပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားတုပညာကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **သွားဘက်ဆိုင်ရာအထောက်အကူပြုသူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း ခံရသူကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အရည်အသွေးမီ၍ ထိရောက်သော သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့် ရရှိစေရန်၊

(b) to maintain and upgrade the quality of health care services of dental practitioners;

(c) to have opportunity to study the oral and dental science with international standards;

(d) to enable the dental practitioners to study the development of the oral and dental science continuously;

(e) to maintain the dignity of the dental practitioners;

(f) to supervise the dental practitioners to observe their ethical standards;

(g) to control the rights of a dental practitioner, a dental nurse, an oral hygieneist, a prosthetic and a dental assistant, and to protect their benefit;

(h) to provide assistance for creating a pleasant surrounding for the dental and oral treatment.

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မှုကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ၏ လုပ်ပိုင်ခွင့်များကို ထိန်းကျောင်းရန်နှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသမှုပတ်ဝန်းကျင်ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှုပေးရန်။

Chapter III

Formation of the Myanmar Dental Council

4. (a) The Union Government shall form the Board of Patrons comprising the Union Minister of the Ministry of Health and Sports, and two eminent and retired dental practitioners.

(b) The Board of Patrons shall form the Council with 35 Council members as follows:

(i) two rectors and two professors from the University of Dental Medicine and a dental practitioner from the Ministry of Health and Sports, a representative from the Myanmar Dental Association, a representative from the Directorate of Medical Services, Office of the Commander in Chief (Army) 7 persons

(ii) two dental practitioners who are under 35 years of age and elected by dental practitioner licence holders 2 persons

အခန်း (၃)

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြား သည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစား သွားနှင့်ခံတွင်း ဆိုင်ရာဆရာဝန် နှစ်ဦး ပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်း ရမည်။

(ခ) နာယကအဖွဲ့သည် အောက်ပါအတိုင်း ကောင်စီကို ကောင်စီဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းရမည်-

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သွားဘက် ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ် နှစ်ဦး၊ သွား နှင့်ခံတွင်းဆိုင်ရာ ပါမောက္ခ နှစ်ဦးနှင့် သွားနှင့်ခံတွင်း ဆိုင်ရာဆရာဝန် တစ်ဦး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေး မှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ ၇ ဦး

(၂) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာ ဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်သည့် အသက် ၃၅ နှစ်အောက် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် နှစ်ဦး၊ ၂ ဦး

(iii) two retired rectors, two retired professors from the University of Dental Medicine and seven Council Members who are elected by dental practitioner licence holders

11 persons

(iv) dental practitioners for each Region or State including the Union Territory who are elected by dental practitionerlicence holders from the Union Territory and the relevant Region or State 15 persons

(c) The Board of Patrons shall form the Election Commission on the Member of the Myanmar Dental Council comprising five members.

(d) The Council is an independent organization which has the right of succession with its own name and logo, the right to sue or to be sued in accordance with the law.

(၃) ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်သည့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ် ၄စ်ဦး၊ သွာနှင့်ခံတွင်းဆိုင်ရာ အငြိမ်းစား ပါမောက္ခ ၄စ်ဦး၊ ကောင်စီဝင် ခုနစ်ဦး ၁၁ဦး

(၄) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခံရသော ပြည်ထောင်စု နယ်မြေ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် သွားနှင့်ခံတွင်း ဆိုင်ရာဆရာဝန် တစ်ဦးစီ။ ၁၅ ဦး

(ဂ) နာယကအဖွဲ့သည် အဖွဲ့ဝင် ငါးဦး ပါဝင်သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်များ ရွေးချယ် တင်မြှောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းရမည်။

(ဃ) ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင် ခွင့်၊ တရားစွဲဆို ခံနိုင်ခွင့်ရှိပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက် ဆုံးဖြတ်နိုင်သော အဖွဲ့အစည်း ဖြစ်သည်။

(e) The Executive Committee shall be formed with secret votes of 35 elected members comprising 13 members who are a Chairman, a Vice-Chairman, a Secretary, a Joint-Secretary, a Treasure, an Auditor and 7 members of the Executive Committee.

(f) The Chairman of the Council is the Chairman of the Executive Committee.

5. The Chairman, Vice-Chairman and Secretary of the Executive Committee shall fulfil the following qualifications:

(a) being a person who can serve the full-time duties of the Council;

(b) being a person who can lead, manage and supervise the activities of the Council;

(c) being a reputed person in dental science.

6.(a) (i) The term of the Council is five years from the date of formation.

(ii) The Chairman of the Council shall serve not more than two terms.

(c) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက် အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦး၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ခုနစ်ဦး စုစုပေါင်း ၁၃ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ထားပြီး ဖြစ်သော ကောင်စီဝင် ၃၅ ဦး၏ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(d) ကောင်စီဥက္ကဋ္ဌသည် ရွေးချယ် တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။

၅။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(ခ) ကောင်စီ၏လုပ်ငန်းများကို ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှု ပေးနိုင်သူဖြစ်ခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးလောကတွင် လူအများ ယုံကြည် လေးစားမှု ခံရသူဖြစ်ခြင်း။

၆။ (က) (၁) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

(၂) ကောင်စီဥက္ကဋ္ဌသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။

(iii) The interim period as the Chairman shall not be counted as the term of the Chairman of the Council.

(iv) The Council shall carry out its functions until the formation of the new Council after the expiry.

(b) The qualifications of the Council members are as follows:

(i) a person who has obtained the dental practitioner licence, and who is in good health;

(ii) a person who holds the dental practitioner licence at least 15 years other than the provisions of clause (ii) of sub-section (b) of section 4;

(iii) a person whose profession is dental and oral medicine.

Chapter IV

Duties and Powers of the Council

7. The duties of the Council are as follows:

(၃) ကောင်စီဥက္ကဋ္ဌအဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို သက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(၄) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ကောင်စီဝင်များ၏ အရည်အချင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့် လိုင်စင်ရှိပြီး ကျန်းမာရေးနှင့် ပြည့်စုံသူ၊

(၂) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)ပါ ပြဋ္ဌာန်းချက်မှအပ ဖြစ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့် လိုင်စင်သက်တမ်း အနည်းဆုံး ၁၅ နှစ် ရှိသူ၊

(၃) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ။

အခန်း (၄)

ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(a) recognition of or refusal to recognize degrees of the Dental and oral Medicine conferred by any local or foreign University or College of Dental Medicine of any other organization formed for oral and dental science;

(b) issuing degree of the Dental and Oral Medicine certificates recognized by the Council from time to time;

(c) determining ethics to be observed by dental practitioners and the supervision of them;

(d) publishing lists of registered dental practitioners and dental practitioner licence holders from time to time;

(e) reviewing to maintain and upgrade the quality and standards of dental care of the dental practitioners, if necessary, and communicating with government departments and local and foreign organizations;

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးကောလိပ် တစ်ခုခုကဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်ထားသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်စာရင်းများကို အခါအားလျော်စွာ ပြုစုထုတ်ပြန်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(f) prescribing criteria required for maintaining and upgrading the levels of dental care including the government and private hospitals, clinics, prosthetic dentistry, and cooperating with, advising and reporting to the Ministry of Health and Sports;

(g) reviewing the advanced teaching system for dental and oral medicine to upgrade the teaching system of dental and oral medicine and to evolve qualified dental practitioner, coordinating with the training or teaching departments of respective University, directing and reporting to the Ministry of Health and Sports;

(h) opening necessary training courses in order to issue a certificate and scrutinizing the issue of the certificate in accordance with stipulations;

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် သွားတုလုပ်ငန်းများ အပါအဝင် အခြားနီးနွယ်သော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် အသိပေး တင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာသင်ကြားမှု အဆင့်အတန်းမြှင့်မားစေရေးနှင့် အရည်အသွေး ပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော သွားနှင့်ခံတွင်း ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ် သင်ကြားရေးဌာနများနှင့် ညှိနှိုင်း ဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊

(i) inquiry, examination and action for the failure to observe in conformity with the ethics of dental practitioners and dental practitioner licence holders;

(j) protecting dental practitioners, dental practitioner licence holders, dental nurses, oral hygienists, prosthetists and dental assistants in accordance with existing laws.

8. The powers of the Council are as follows:

(a) forming the following committees and assigning functions of each committee:

(i) scrutiny committee for the degree from Myanmar and foreign countries;

(ii) scrutiny committee for the registration certificate and dental practitioner licence;

(iii) ethics and disciplinary committee;

(iv) standardization committee;

(ဈ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့် အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ည) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ သူနာပြုများ၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူများ၊ သွားတုပညာကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများအား တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း။

၈။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်း ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) ပြည်တွင်း၊ ပြည်ပ ဘွဲ့လက်မှတ် စိစစ်ရေး ကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေး ကော်မတီ၊

(၃) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊

(၄) စံချိန်စံညွှန်း သတ်မှတ်ရေးကော်မတီ၊

(v) scrutiny committee for skill development of dental and oral science;

(vi) scrutiny committee for the training on recognition certificate and skill development; and

(vii) other necessary committees.

(b) issuing, refusing, cancelling or revoking the registration certificate for a limited period;

(c) issuing, refusing, cancelling or revoking the dental practitioner licence for a limited period, reissuing the licence after scrutiny;

(d) determining a term, renewal of the term, or refusing to renew the term of the dental practitioner licence;

(e) issuing, refusing or revoking the recognition certificate;

(၅) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာ အရည်အချင်း စိစစ်ရေး ကော်မတီ၊

(၆) အသိအမှတ်ပြုလက်မှတ်ဆိုင်ရာသင်တန်းနှင့် အရည်အချင်း စိစစ်ရေး ကော်မတီ၊

(၇) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(c) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(f) communicating and cooperating with the Ministry of Health and Sports, international and regional or local and foreign government departments organizations and experts for matters that are beneficial to the State, and the dental and oral science;

(g) prescribing and collecting registration fees, dental practitioner licence fees, renewal fees for the dental practitioner licence, overdue fees, exam fees and other general service fees;

(h) assigning duties and conferring powers of the Council to the Executive Committee;

(i) exercising the power conferred by the Ministry of Health and Sports from time to time.

(စ) နိုင်ငံတော်နှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာလောက အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ကြေး၊ ဆေးကုသခွင့်လိုင်စင်ကြေး၊ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲ ကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဇ) ကောင်စီသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ် အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်ခြင်း၊

(ဈ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

Chapter V

Resignation from and Termination of the Council Member and Filling Vacancies

9. If any of the following matters occurs, the Council shall terminate any member from the Council member:

(a) decease;

(b) resignation on his own volition;

(c) failure to attend the meeting of the Council for three consecutive times or for five times inconsecutively without asking for leave from the Council;

(d) going abroad for six months and above without asking for leave from the Council,

(e) deregistration from the register of dental practitioners;

(f) cancellation or revocation of the dental practitioner licence for a limited period;

(g) being punished with imprisonment for any offence relating to any misconduct prescribed by the Council;

အခန်း (၅)

ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် အစားထိုးခန့်ထားခြင်း

၉။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကောင်စီဝင် တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ပျက်ကွက်ခြင်း သို့မဟုတ် တစ်ဆက်တည်း မဟုတ်ပဲ ငါးကြိမ် ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ခြင်း မရှိဘဲ ပြည်ပသို့ ခြောက်လနှင့် အထက် ထွက်ခွာခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(စ) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(ဆ) ကောင်စီက သတ်မှတ်သော အကျင့်စာရိတ္တ ပျက်ပြားမှု ဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားဥပဒေအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(h) finding out failure to observe the moral ethics by the Council;

(i) failure to carry out the duties assigned by the Council.

10. (a) The Board of Patrons shall substitute a vacancy if the Council member is directly elected by the Board of Patrons.

(b) If the vacancy is the elected Council member, he shall be elected and substituted in accordance with the procedures.

(c) The term of the Council member who has been substituted or elected under sub-section (a) or (b) shall be up to expiry of the remaining tenure of the Council.

11. Any Council member who wishes to resign from the Council member shall submit a resignation to the Council.

Chapter VI

Holding Meetings

12. The regular meeting of the Council shall be held once in every four months. The special meeting may be held, if necessary.

(ဇ) ကိုယ်ကျင့်တရားပျက်ပြားသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(စျ) ကောင်စီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

၁၀။ (က) လစ်လပ်သည့်နေရာသည် နာယကအဖွဲ့က တိုက်ရိုက် ရွေးချယ်ပေးသည့်နေရာဖြစ်လျှင် နာယကအဖွဲ့က အစားထိုး တာဝန်ပေးရမည်။

(ခ) လစ်လပ်သည့်နေရာသည် ရွေးချယ်တင်မြှောက်ခံရသော ကောင်စီဝင်တစ်ဦးဦး ဖြစ်ပါက ယင်းတို့ကို ရွေးချယ်ခဲ့သည့် နည်းလမ်းအတိုင်း အစားထိုးရွေးချယ် တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရ အစားထိုးတာဝန် ပေးအပ်ခြင်း သို့မဟုတ် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိ ဖြစ်သည်။

၁၁။ ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုသော ကောင်စီဝင်တစ်ဦးဦးသည် မိမိ၏ နုတ်ထွက်စာကို ကောင်စီသို့ တင်ပြရမည်။

အခန်း (၆)

အစည်းအဝေး ကျင်းပခြင်း

၁၂။ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

13. (a) The meeting of the Executive Committee shall be held once in two months. The special meeting may be held, if necessary.

(b) The approval shall be obtained by submitting the performances of the Executive Committee at the nearest regular meeting of the Council.

14. In holding the meeting of the Council or the Executive Committee, the meeting shall be valid if more than half of the total numbers who have the right to attend the meeting are present.

15. The Council and the Executive Committee may report their performances to the Myanmar Dental Association, the Myanmar Medical Council, the Myanmar Traditional Medical Council, the Myanmar Nurse and Midwife Council and the Myanmar Medical Association which are associated with dental practitioners, from time to time.

Chapter VII

Formation of the Staff Office and Assigning Duties

16. In order to carry out the functions and duties of the Council and the Executive Committee, the Council shall:

၁၃။ (က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၄။ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အစည်းအဝေးများ ကျင်းပရာတွင် တက်ရောက်ခွင့်ရှိသူဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၁၅။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ဆောင်ရွက်ချက်များကို သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များနှင့် နီးနွယ်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းသို့ အခါအားလျော်စွာ အသိပေး အကြောင်းကြားနိုင်သည်။

အခန်း (၇)

ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၆။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်-

(a) appoint a Head of Office, a Deputy Head of Office and a Registrar, and assign duties;

(b) appoint the necessary staff, and assign duties.

Chapter VIII

Finance

17. The Council shall incur the expenditures of the Council, the Executive Committee and the Staff Office.

18. The Council may incur allowance and remuneration from its fund for the members of the Council who are not civil service personnel.

19. The Council shall set up a fund with the following receipts to implement the provisions of this Law:

(a) registration fees, licence fees, renewal fees, exam fees and fees that are collected from the expenditures of other general services;

(က) ရုံးအဖွဲ့မှူးတစ်ဦး၊ ဒုတိယရုံးအဖွဲ့မှူးတစ်ဦးနှင့် မှတ်ပုံတင်အရာရှိတစ်ဦးတို့ကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

(ခ) လိုအပ်သော ဝန်ထမ်းများကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

အခန်း (၈)

ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၈။ ကောင်စီသည် မိမိ၏ ရန်ပုံငွေမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များမှ ကောက်ခံရရှိငွေများ၊

(b) donation and financial assistance provided by local and foreign organizations and donors;

(c) the accrued income from the fund.

20. The Council shall accept donation and other assistance from local and foreign organizations and donors, and has the authority to manage on such account in accordance with the existing financial regulations.

21. The Council shall stand on its own fund. If it is insufficient, the Council may request to cover the expenditures from the Union Budget through the Ministry of Health and Sports with the approval of the Union Government.

22. The Council shall regulate financial activities in accordance with the existing financial regulations and directives.

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၂၀။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေ၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့် အပြင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၁။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှု မရှိပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၂၂။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

Chapter IX

Registration Certificate of a Dental Practitioner

23. Any citizen who has obtained any of the following degrees or the Bachelor of Dental Surgery which is recognized by the Council under sub-section (b) of section 7, and wishes to obtain the registration certificate, may apply to the Council in accordance with the stipulations after the completion of house surgeonship. On the receipt of the application, the Council shall transfer it to the Executive Committee for scrutiny:

(a) the Bachelor of Dental Surgery conferred by any local University of Dental Medicine;

(b) the Bachelor of Dental Surgery conferred by any foreign University or College of Dental Medicine or any organization established for dental education, and recognized by the Council.

24. The Executive Committee:

(a) may issue or refuse to issue the registration certificate after scrutinizing the application made under section 23 in accordance with the stipulations and causing the registration fees to be paid;

အခန်း (၉)

သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်

၂၃။ မှတ်ပုံတင်လက်မှတ် ရရှိလိုသော အောက်ပါတွဲ့တစ်ခုခု (သို့မဟုတ်) ပုဒ်မ(၇) ပုဒ်မခွဲ (ခ)အရ ကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဘွဲ့ ရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊

(ခ) ပြည်ပ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ် တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ် အသိအမှတ်ပြုထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ပုဒ်မ ၂၃ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေးများ ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(b) shall register the name and personal data of the dental practitioner who has been issued the registration certificate under sub-section (a).

25. The Council shall cancel the registration certificate or revoke it for a limited period on finding that any of the following matters has occurred relating to any registered dental practitioner:

(a) being convicted by a court for any offence related the ethics of a dental practitioner and determined by the Council as being unsuitable to continue to serve as a dental practitioner;

(b) being unsuitable to serve as the dental practitioner due to violation of ethics of a dental practitioner;

(c) performing duties of a dental practitioner carelessly or negligently.

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ အမည်နှင့် သက်ဆိုင်ရာ အချက်အလက်များကို သွားနှင့်ခံတွင်းဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

၂၅။ ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုရမည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းကို ခံရခြင်း၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာတာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

Chapter X
Recognition Certificate of Dental Nurses, Dental Hygienists, Prosthetists of Dental Assistants

26. The citizen who has obtained any of the following degrees, diplomas or certificates may apply the recognition certificate to the Council in accordance with stipulations. On the receipt of the application, the Council shall transfer it to the Executive Committee:

(a) the degree or diploma or training completion certificate conferred by any local University of Dental Medicine;

(b) the degree, diploma or training completion certificate conferred by any foreign University or College of Dental Medicine or any organization formed for dental science, and recognized by the Council;

(c) the recognition certificate conferred by the Council.

အခန်း (၁၀)
သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်

၂၆။ အသိအမှတ်ပြုလက်မှတ် ရရှိလိုသော အောက်ပါတွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ် တစ်ခုခုရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊

(ခ) ပြည်ပသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ် ပြုထားသည့် ဘွဲ့၊ ဒီပလိုမာ၊ သို့မဟုတ် သင်တန်းဆင်း လက်မှတ်၊

(ဂ) ကောင်စီက ဖွင့်လှစ်သည့် အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်။

27. The Executive Committee:

(a) may issue or refuse to issue the recognition certificate after scrutinizing the application made under section 26 and causing the registration fees and other prescribed fees to be paid;

(b) shall register the name and personal data of dental nurses, dental hygienists, prosthetists and dental assistants who have been issued the recognition certificate under sub-section (a).

28. The Council shall cancel the recognition certificate if it finds that any of the following facts of dental nurses, dental hygienists, prosthetists and dental assistants has occurred:

(a) being convicted by any offences related to the misconduct prescribed by the Council that they are unsuitable to serve as dental nurses, dental hygienists, prosthetists or dental assistandts;

၂၇။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ပုဒ်မ ၂၆ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေးများ ပေးသွင်းစေ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသော သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ အမည်နှင့် သက်ဆိုင်သော အချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

၂၈။ ကောင်စီသည် သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူ တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အပြင် သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(b) being unsuitable to serve as dental nurses, dental hygienists, prosthetists or dental assistants due to their misconduct;

(c) performing duties by dental nurses, dental hygienists, prosthetists of dental assistants carelessly or negligently.

Chapter XI
Dental Practitioner Licence

29. (a) If any dental practitioner intends to practice dental and oral medicime, he shall apply to obtain the general practitioner licence to the Council in accordance with stipulations. On the receipt of the application, the Council shall transfer it to the Executive Committee.

(ခ) သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူတစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ လုပ်ငန်းများ ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူတစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

အခန်း (၁၁)
သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်

၂၉။ (က) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးဦးသည် သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်လိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(b) The Executive Committee shall issue the general practitioner licence to a dental practitioner if he fulfills the prescribed qualifications after scrutinizing the application made under sub-section (a), and causing the licence fees to be paid, and may refuse to issue the licence if he is disqualified.

30. (a) Any dental practitioner who has obtained the general practitioner licence and fulfilled the prescribed qualification shall apply the special practitioner licence to the Council in accordance with the specifications. On the receipt of the application, the Council shall transfer it to the Executive Committee for scrutiny.

(b) The Executive Committee shall issue the special practitioner licence after scrutinizing the application made under sub-section (a), and causing the licence fees to be paid, and refuse to issue the licence if he is disqualified.

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က)အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်း စစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင် ထုတ်ပေးရမည်။ အရည်အချင်းပြည့်မီခြင်း မရှိလျှင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၀။ (က) အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးဦးသည် အထူးဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က)အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေး ပေးသွင်းစေ၍ လိုအပ်သည့် အရည်အချင်းပြည့်မီပါက အထူးဆေးကုသခွင့် လိုင်စင် ထုတ်ပေးရမည်။ အရည်အချင်းပြည့်မီခြင်း မရှိလျှင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

31. (a) If any foreign dental practitioner wishes to practice dentistry in Myanmar, he shall apply the limited practitioner licence to the Council in accordance with stipulations. On the receipt of the application, the Council shall transfer it to the Executive Committee for scrutiny.

(b) The Executive Committee may issue or refuse to issue the limited practitioner licence by limiting branches of dental science, the locality and period after scrutinizing the application made under sub-section (a), and causing the licence fees to be paid.

32. If the general practitioner licence holder or special practitioner licence holder intends to extend the term of the practitioner licence, he shall apply it to the Council 60 days prior to the date of expiry. On the receipt of the application, the Council shall transfer it to the Executive Committee for scrutiny.

၃၁။ (က) သွားနှင့်ခံတွင်းဆိုင်ရာ ဘွဲ့ရရှိထားသော နိုင်ငံခြားသား ဆရာဝန်တစ်ဦးဦးသည် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်း ဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့်လိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထား ရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က)အရ လျှောက်ထား သည့်လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြား သတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိ သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာနှင့် ဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလ များကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၂။ အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိသူ သို့မဟုတ် အထူး ဆေးကုသခွင့်လိုင်စင်ရရှိသူသည် မိမိ၏ ဆေးကုသခွင့်လိုင်စင်ကို သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

33. The Executive Committee shall scrutinize the application applied for the extension of the practitioner licence under section 32, and may extend or refuse to extend the licence.

34. The Council may cancel or revoke the practitioner licence for a limited period if it is found any of the following facts of a dental practitioner:

(a) deregistration;

(b) incapacity for practicing dentistry according to the examination of Medical Board prescribed under the law;

(c) performing duties by a dental practitioner carelessly or negligently;

(d) misconduct by a dental practitioner;

(e) disqualification of a dental practitioner;

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၂ အရ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) ဥပဒေအရ သတ်မှတ်ထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ဆေးကုသမှု လုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ဝတ္တရားများကို အရှိမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ပြားခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(f) failure to extend the term of the dental practitioner licence without reasonable grounds during the specified period prescribed by the Council.

Chapter XII
Duties and Rights of the Dental Practitioner and the Dental Practitioner Licence Holder

35. Any dental practitioners or dental practitioner licence holders shall:

(a) abide by this Law, rules, regulations and bye-laws, notifications, orders, directives and procedures issued by this Law;

(b) observe the ethics of a dental practitioner adopted by the Council;

(c) have the right to submit to insert the additional qualification such as the Bachelor of Dental Science, diploma awarded after obtaining the registration certificate in accordance with stipulations;

(စ) ကောင်စီက သတ်မှတ်ထားသောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

အခန်း (၁၂)
သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၅။ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် ချီးမြှင့်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီပလိုမာ စသည့် ထပ်ဆင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(d) have the right to give advice to the Council for the achievement of its duties and functions;

(e) have the right to present his grievances to the Council, and to take advice from the Council.

36. The dental practitioner licence holder shall have the right to practise the dentistry in accordance with the specifications according to the types of the dental practitioner licence.

37. In electing 13 members of the Council to be elected with majority votes, or each member of the Council represented for the Union Territory, the Region or State concerned, or in electing members represented for their region concerned, the dental practitioner licence holder:

(a) has the right to vote;

(b) has the right to be elected as a member of the Council or a member of the Executive Committee if he fulfills the prescribed qualifications.

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(c) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့် အပြင်ကောင်စီ၏အကြံဥာဏ်ကိုလည်း ရယူခွင့်ရှိသည်။

၃၆။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့် လိုင်စင်အမျိုးအစားအရ သွားနှင့်ခံတွင်း ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်သည် အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည့် ကောင်စီဝင် ၁၃ ဦးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြု ကောင်စီဝင်တစ်ဦးစီ ရွေးချယ်တင်မြှောက်ရာတွင်လည်းကောင်း၊ မိမိနှင့် သက်ဆိုင်ရာဒေသများကို ကိုယ်စားပြု၍ ရွေးချယ်တင်မြှောက်ရာတွင်-

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဖြစ်စေ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

Chapter XIII

Appeal

38. (a) Any person who is dissatisfied with an order made by the Executive Committee shall appeal to the Council within 60 days from the date of the order or decision.

(b) The Council may approve or amend or cancel the order of the Executive Committee after examining the appeal filed under sub-section (a).

(c) The decision of the Council made under sub-section (b) shall be final.

Chapter XIV

Prohibitions

39. No one shall practise dental and oral medicine without a dental practitioner licence.

အခန်း (၁၃)

အယူခံခြင်း

၃၈။ (က) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က)အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း (၁၄)

တားမြစ်ချက်

၃၉။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသခြင်း မပြုရ။

40. No dental practitioner licence holder shall assign duty to any other person except the person who has obtained the licence, registration certificate, recognition certificate, permit, training completion certificate or evidence issued by the relevant department, organization or Council in practicing the dentistry.

Proviso: In case of assigning duty to any other person except the person who has obtained the degree, diploma or training completion certificate contained in sub-sections (a) and (b) of section 26, this provision shall not be applicable if the Council provides necessary training within three years from the date of enactment of this Law, and it shall not be unable to issue the recognition certificate to this person.

41. No dental practitioners shall use his name against terms and expressions which are inappropriate to the degree, rank or know-how which he has obtained.

၄၀။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ဆေးကုသသည့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကောင်စီက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြု လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်းမပြုရ။

ခြွင်းချက်။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)နှင့် (ခ)ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ် ရရှိသူမှအပ အခြားသူ တစ်ဦးဦးကို တာဝန်ပေးအပ် ဆောင်ရွက်သည့်ကိစ္စ ဖြစ်ပါက ကောင်စီက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးနှစ်အတွင်း လိုအပ်သော သင်တန်းများကို ဖွင့်လှစ်ပို့ချပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ခြင်း မရှိသေးလျှင် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၄၁။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့် ယှဉ်တွဲ ဖော်ပြခြင်း မပြုရ။

42. No dental practitioner shall mention any additional dental qualification such as the diploma, degree, etc. against his name without the approval of the Council that he has been registered in the list of dental practitioners.

Chapter XV

Penalties

43. Whoever violates the prohibition contained in section 39 shall, on conviction, be punished with imprisonment for a term from a minimum of one year to a maximum of three years, and shall also be liable to a fine.

44. Any dental practitioner licence holder who violates the prohibition contained in section 40 shall, on conviction, be punished with a fine from a minimum of five hundred thousand kyats to a maximum of one million kyats.

45. Any dental practitioner who violates the prohibition contained in section 41 shall, on conviction, be punished with a fine of five hundred thousand kyats.

၄၂။ မည်သည့်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော ဒီပလိုမာ၊ ဘွဲ့ စသည့် ထပ်ဆင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏ အတည်ပြုချက် မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်း မပြုရ။

အခန်း (၁၅)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၄။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ် ၁၀ သိန်းထိ ငွေဒဏ် ချမှတ်ရမည်။

၄၅။ မည်သည့်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်ငါးသိန်း ချမှတ်ရမည်။

46. Any dental practitioner who violates the prohibition contained in section 42 shall, on conviction, be punished with a fine of three hundred thousand kyats.

Chapter XVI

Miscellaneous

47. The medical certificate which is not signed by any dental practitioner licence holder shall not be counted as an official medical certificate.

48. The registration certificate and the dental practitioner licence issued under the Myanmar Dental Council Law (The State Peace and Development Council Law No. 15/2011) shall be valid until the expiry. After the expiry, if dental practitioners intend to practise the medial treatment with dental science, they shall perform their duties in accordance with this Law.

49. The rules, orders and directives issued by the Myanmar Dental Council Law (The State Peace and Development Council Law No. 15/2011) shall continue to be applicable as long as they are not contrary to this law.

၄၆။ မည်သည့်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သုံးသိန်း ချမှတ်ရမည်။

အခန်း (၁၆)

အထွေထွေ

၄၇။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း မရှိသော ဆေးလက်မှတ်သည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၄၈။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ သက်တမ်းကုန်ဆုံးသည့်အခါ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းကို ဆောင်ရွက်လိုပါက ဤဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄၉။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

50. The funds owned by the Myanmar Dental Council established under the Myanmar Dental Council Law (The State Peace and Development Council Law No. 15/2011) or movable property and immovable property or ongoing activities or finishing activities or assets and liabilities shall devolve on the Council respectively.

51. The Myanmar Dental Council formed under the Myanmar Dental Council Law (The State Peace and Development Council Law No. 15/2011) shall carry out duties, and exercise powers before establishing the Council under this Law.

52. To implement the provisions of this Law:

(a) the Ministry of Health and Sports may issue rules, regulations and bye-laws with the approval of the Union Government;

(b) the Council may issue notifications, orders, directives and procedures.

၅၀။ ကောင်စီသည် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁၅/၂၀၁၁)အရ ဖွဲ့စည်းထားသော ကောင်စီပိုင် ရုန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့် နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၅၁။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁)အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်-

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

53. The Myanmar Dental Council Law (The State Peace and Development Council Law No. 15/2011) is hereby repealed.

I hereby sign in accordance with the Constitution of the Republic of the Union Myanmar.

(Sd.) Win Myint
President
Republic of the Union of Myanmar

၅၃။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်